MIDWEST PESTICIDE
ACTION CENTER

# ချီကာဂို၏ ကြမ်းပိုးဆိုင်ရာ လိုက်နာဆောင်ရွက်မှု

## အနောက်အလယ်ပိုင်း ပိုးသတ်သင်ရေးဆိုင်ရာ ဌာန၏ လမ်းညွှန်ချက်

ချီကာဂို မြို့တွင် ပြည်သူလူထုများ အား စိတ်အနှောက်အယှက်ဖြစ်စေသော ကြမ်းပိုးများနှင့် သက်ဆိုက်သော ဥပဒေသစ်နှင့် ထိန်းချုပ်ပုံ လမ်းညွှန်ချက်များ ကို ဖော်ပြထားပါသည်။ လိုက်နာဆောင်ရွက်မှုနှင့်သော ညွှန်ကြားချက် အကျဉ်းချုံးမှာ-

### လိုက်နာဆောင်ရွက်မှုနှင့်ဆိုင်သော ညွှန်ကြားချက် မည်သည့်အချိန်မှ စတင်ခဲ့သနည်း။

ချီကာဂို၏ ကြမ်းပိုးနှင့် ဆိုင်သော လိုက်နာဆောင်ရွက်မှု လမ်းညွှန်ချက်ကို ဒီဇင်ဘာလ ၂၃ ရက်နေ့ ၂၀၁၃ တွင် အတည်ပြုခဲ့သည်။

### လိုက်နာဆောင်ရွက်မှုနှင့်ဆိုင်သော ညွှန်ကြားချက်သည် မည်သည့်အရာများကို ပါဝင်လုပ်ဆောင်သနည်း။

ဤလမ်းညွှန်ချက်သည် ချီကာဂို၏ ဥပဒေများကို ပြောင်းလဲစေခြင်းဖြင့် ကြမ်းပိုးများကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်စေခဲ့သည်။
ဤလမ်းညွှန်ချက်သည် ချီကာဂို တွင် နေထိုင်ကြသောပြည်သူများအား အခန်းများစွာရှိသော အဆောက်အဦးနှင့် ကွန်ဒိုများတွင်ရှိသော ကြမ်းပိုးများကို ထိန်းချုပ်ရန် မည်ကဲ့သို့သောတာဝန်များ လုပ်ဆောင်ရမည်ကို ဖော်ပြထားသည်။ ဤလမ်းညွှန်ချက်ထဲတွင် အိမ်ပိုင်ရှင်များနှင့် အိမ်ငှား တို့၏ ကြမ်းပိုးကာကွယ်ထိန်းချုပ်ရေးတာဝန်ကို ရှင်းလင်းစွာဖော်ပြထားသည်။

### အိမ်ငှားပိုင်ရှင်များတွင် မည်သည့်တာဝန်များရှိသနည်း။

#### လမ်းညွှန်ချက်အရ အိမ်ငှားပိုင်ရှင်များသည်-

- ဤမြို့၏ ကြမ်းပိုးနှင့်ဆိုင်သောသတင်းအချက်အလက်စာရွက် (http://bit.ly/Zdut1M) ကိုအိမ်ငှားစာချုပ်အသစ်နှင့် သက်တမ်းတိုးထားသော အိမ်ငှားစာချုပ်ထဲတွင် ထည့်သွင်းပေးရမည်။
- ကြမ်းပိုးစစ်ဆေးရေးနှင့် နှိမ်နင်းရေးအတွက် ဝန်ဆောင်မှုများကို တာဝန်ယူဆောင်ရွက်ပေးရမည်။
- စစ်ဆေးရန် နှင့် ကုသရန်အတွက် ပိုးမွှားသုတ်သင်ရေးတွင် ကျွမ်းကျင်သောဌာနကို ခန့်အပ်ထားရမည်။
- ကြမ်းပိုးနှင့်ဆိုင်သော တိုင်ကြားချက်များကို (၁၀)ရက်အတွင်းဆောင်ရွက်စစ်ဆေးကာ လိုအပ်လျှင် နှိမ်နင်းပေးရမည်။

### အိမ်ငှားဖြစ်သော(ကျွန်ုပ်) အနေဖြင့် မည်သည့်တာဝန်များရှိသနည်း။

#### လိုက်နာဆောင်ရွက်မှု လမ်းညွှန်ချက်၏ ထွက်ဆိုချက်အရ အိမ်ငှားများသည်-

- သံသယမှုဖြစ်စေသော ကြမ်းပိုးနှင့် သက်ဆိုင်သောပြဿနာများကို (၅) ရက်အတွင်းစီမံခန့်ခွဲမှု ဌာနကို  စာရေးကာ တင်ပြရမည်။
- အိမ်ငှားပိုင်ရှင်နှင့်လက်တွဲကာ ကြမ်းပိုးစစ်ဆေးရေး ၊ ကာကွယ်ရေး နှင့် ကုသရေးတွင် ပါဝင်ဆောင်ရွက်ပေးရမည်။ (အချို့အပိုင်းများတွင် အိမ်အဆောက်အဦး၏ အခြေအနေနှင့် ပတ်သတ်သောကွာခြားမှုများရှိသည်။ လိုက်နာဆောင်ရွက်မှု လမ်းညွှန်ချက်ကို အသေးစိတ်ကြည့်ပါ။)
  - ကြမ်းပိုးစစ်ဆေးရန်နှင့် ကုသရန်အတွက်သင့်တော်သောအချိန်တိုင်းတွင် မိမိတိုက်ခန်းအားဝင်ခွင့်ပြုပါ။
  - ကြမ်းပိုးနှိမ်နင်းရေး ဌာန၏တောင်းဆိုညွှန်ပြချက် အတိုင်းအိမ်ခန်းကို အသင့်ပြင်ထားပေးပါ။
  - ကြမ်းပိုးနှိမ်နင်းရေး ဌာန၏ညွှန်ကြားချက်အရ လွှင့်ပစ်ရန်လိုအပ်သော အိမ်ပရိဘောဂ ပစ္စည်းများကို စနစ်တကျစွန့်ပစ်ပါ။

### အခြားအရေးကြီးသောညွှန်ကြားချက်လိုအပ်ချက်များ

#### ကြမ်းပိုးကူးစက်နေသောပစ္စည်းများကို စွန့်ပစ်ခြင်း

ကမ်းပိုးကူးစက်ထားသောပစ္စည်းများကို အိမ်အနောက်ဘက်လမ်းကြားများ၊ အိမ်၏မြေအောက်ခန်းများ နှင့် ထောင့် တနေရာရာတွင်ထားရာမှ အခြားအိမ်များအားကူးစက်စေနိုင်သည်။ ဤကဲ့သို့ကူးစက်မှုမှ ကာကွယ်ရန်အတွက် ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန်အလွန်အရေးကြီးသည်။

- စွန့် ပစ်ပစ္စည်းများပေါ်တွင် အမှတ်အသား (ဥပမာ- ကြမ်းပိုးရှိသည်။ မသုံးရ။) များကိုရေးသားထားရမည်။ စွန့်ပစ်ပစ္စည်းများကို ပလစ်စတိတ်အိတ်ထဲတွင် ထည့်ကာ စွန့်ပစ်ရမည်။
- အိမ်ထောင်ပရိဘောဂပစ္စည်း ၊ အဝတ်အထည်(သို့မဟုတ်) အခြားကူးစက်ထားသောပစ္စည်းများကို လူသွားလမ်း(ဥပမာ- အိမ်အနောက်ဘက်လမ်းကြား ၊ လူသွားစကြန်များနှင့် အခန်းရှေ့လူသွားလမ်းများ) တွင် (လုံးဝ) မစွန့်ပစ်ရ။
- ကူးစက်ထားသောပစ္စည်းများကို (လုံးဝ) ပြန်လည်မသုံးရ။

#### လိုက်နာဆောင်ရွက်မှု လမ်းညွှန်ချက်စည်းကမ်းများ အတိုင်းလိုက်နာစေရန်

လိုက်နာဆောင်ရွက်မှု လမ်းညွှန်ချက်ကို ချီကာဂို၏ အဆောက်အအုံဦးစီးမှုဌာန နှင့် လူထုကျန်းမာရေး ဌာနမှ ပြဌာန်းထားသည်။

- အိမ်ငှားတစ်ဦးအနေဖြင့် သံသယမှုဖြစ်စေသော ကြမ်းပိုးနှင့်သက်ဆိုင်သောသည့်ပြဿနာများကို (၅)ရက် အတွင်း စာရေးတင်ပြကာနောက်ဆက်တွဲ အစီအစဉ်များတွင်ပါဝင်လိုက်နာဆောင်ရွက်ရမည်။
- အိမ်ငှားပိုင်ရှင်တစ်ဦးအနေဖြင့် ရရှိလာသော တိုင်ကြားချက်များကို (၁၀)ရက်နေ့မြောက်တွင် ကြမ်းပိုးစစ်ဆင်ရေးနှင့် ထိန်းချုပ်ရေး ဝန်ဆောင်မှု အတွက် ပိုးမွှားသုတ်သင်ရေးဌာနကို ခန့်အပ်ကာဆောင်ရွက်ပေးရမည်။
- အကယ်၍ နှစ်ဦးနှစ်ဖက်စလုံးမှ လုပ်သင့်လိုက်ထိုက်သောတာဝန်များကို လစ်လျူရှုထားပါက (၃၁၁) ကို ခေါ်ကာတိုင်ကြားရမည်။ သင့်အားချီကာဂို အဆောက်အအုံဦးစီးမှုဌာနသို့ ချိတ်ဆက်ပေးကာ ကြမ်းပိုးစစ်ဆေးသူအား လွှတ်ပေးမည်။

မည်သူမဆို အိမ်ငှားသူအပါအဝင် စည်းကမ်းတာဝန်ချိုးဖောက်သည်ဟု အပြစ်ထင်ရှားပါက ဒဏ်ငွေ ဒေါ်လာ ၃၀၀ (ပထမ အကြိမ်) မှ ဒေါ်လာ ၂၀၀၀ (ဒုတိယ အကြိမ်) ဆယ့်နှစ်လအတွင်းချိုးဖောက်မှု အတွက် ပေးဆောင်ရမည်။

လိုက်နာဆောင်ရွက်မှုလမ်းညွှန်ချက်နှင့် ပတ်သတ်သော သတင်းအချက်အလက်အသေးစိတ်ကိုကြည့်ရှုရန် (www.cityofchicago.org) မှ “bedbugs” စာတမ်းကို ရှာဖတ်ပါ (သို့မဟုတ်) (http://bit.ly/1dR6ggH) မှ တိုက်ရိုက်ဖတ်ရှုနိုင်ပါသည်။

Midwest Pesticide Action Center is dedicated to reducing the health risks and environmental impacts of pesticides and promoting safer alternatives.
Chicago, Illinois
Tel: 773-878-7378    www.midwestpesticideaction.org

MIDWEST
PESTICIDE
ACTION
CENTER

©